**စားသုံးရန်မသင့်သော**
**အစားအသောက်များနှင့်ပတ်သက်၍**
**အများပြည်သူသိရှိရန် အသိပေးကြေညာချက်**

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

မန္တလေးတိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲမှ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသည့် အစားအသောက်များအား ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အစားအသောက်ထုတ်လုပ်လျက်ရှိသော လုပ်ငန်းမှ ထိုင်းဘာသာစကားဖြင့် ဖော်ပြထားသော စားသောက်ကုန် (၂၀) မျိုး ထုတ်လုပ်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းအစားအသောက်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ **"အသင့်ထုပ်ပိုးထားသော အစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့် (၈/၂၀၂၂)"** ဖြင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဈေးကွက်မှ ရုတ်သိမ်းရန်၊ ဆက်လက်ထုတ်လုပ်ခြင်းမပြုရန် ဆောင်ရွက်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကြေညာချက်ပါ စားသောက်ကုန်များသည် အရည်အသွေးနှင့် ဘေးကင်းရေးဆိုင်ရာ အာမခံချက်မရှိပါသဖြင့် ဝယ်ယူစားသုံးခြင်းမပြုရန်နှင့် Online မှဖြစ်စေ၊ ဈေးကွက်အတွင်းဖြစ်စေ ဖြန့်ဖြူးရောင်းချခြင်းမပြုရန် အသိပေးအပ်ပါသည်။ ယင်းအစားအသောက်များကို ဖြန့်ဖြူးရောင်းချပါက အမျိုးသားအစားအသောက်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံ အရွယ်အစား | ပစ္စည်းနမူနာပုံစံ |
|---|---|---|---|
| ၁။ | ၆ ခုဂျယ်လီ (အဝါရောင်) | Weslsy<br>Plastic Pack |   |
| ၂။ | ၆ ခုဂျယ်လီ<br>(အစိမ်းရောင်) | Weslsy<br>Plastic Pack |   |
| ၃။ | ၆ ခုဂျယ်လီ<br>(အပြာရောင်) | Weslsy<br>Plastic Pack |   |
| ၄။ | ၆ ခုဂျယ်လီ (အနီရောင်) | Weslsy<br>Plastic Pack |   |
| ၅။ | ညှစ်ဂျယ်လီ<br>(Strawberry) | Weslsy<br>Plastic Pack |   |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံ အရွယ်အစား | ပစ္စည်းနမူနာပုံစံ |
|---|---|---|---|
| ၆။ | ညှစ်ဂျယ်လီ (Grape) | Weslsy<br>Plastic Pack |   |
| ၇။ | ညှစ်ဂျယ်လီ (Mango) | Weslsy<br>Plastic Pack |   |
| ၈။ | ညှစ်ဂျယ်လီ<br>(Blueberry) | Weslsy<br>Plastic Pack |   |
| ၉။ | ရေခဲမုန့်ဂျယ်လီ<br>(Blueberry) | Weslsy<br>Plastic Pack |   |
| ၁၀။ | ရေခဲမုန့်ဂျယ်လီ<br>(Strawberry) | Weslsy<br>Plastic Pack |   |

## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံ အရွယ်အစား | ပစ္စည်းနမူနာပုံစံ |
|---|---|---|---|
| ၁၁။ | ရေခဲမုန့်ဂျယ်လီ (Grape) | Weslsy Plastic Pack |   |
| ၁၂။ | ရေခဲဂျယ်လီ (Mango) | Weslsy Plastic Pack |   |
| ၁၃။ | ရေခဲဂျယ်လီ (Apple) | Weslsy Plastic Pack |   |
| ၁၄။ | ရေခဲဂျယ်လီ (Strawberry Bubble Tea) | Weslsy Plastic Pack |   |
| ၁၅။ | ရေခဲဂျယ်လီ (Strawberry Ice-cream) | Weslsy Plastic Pack |   |

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိသော စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့်ထုပ်ပိုးပုံ အရွယ်အစား | ပစ္စည်းနမူနာပုံစံ |
|---|---|---|---|
| ၁၆။ | ရေခဲဂျယ်လီ (Grape Ice-cream) | Weslsy Plastic Pack |   |
| ၁၇။ | ရေခဲဂျယ်လီ (Peach Bubble Tea) | Weslsy Plastic Pack |    |
| ၁၈။ | ရေခဲဂျယ်လီ (ကိုလာ) | Weslsy Plastic Pack |    |
| ၁၉။ | ရေခဲဂျယ်လီ (လိမ္မော်) | Weslsy Plastic Pack |    |
| ၂၀။ | ရေခဲဂျယ်လီ (Sprite) | Weslsy Plastic Pack |    |